# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၈) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၂ |
| ၂။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ။ | ၃-၄ |
| ၃။ | မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၅-၆ |
| ၄။ | ဆယ်ကျော်သက်အမျိုးသမီးတစ်ဦးကို ကိုယ်ဝန်ဖျက်ဆေးညွှန်းပေးမှုကြောင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ဆရာဝန်တစ်ဦးတရားစွဲဆိုခံရခြင်း။ | ၇-၁၀ |
| ၅။ | UK နိုင်ငံ၏ ခားဖြင့်ပြစ်မှုကျူးလွန်ခြင်းများလျော့ချရေးအစီအစဉ်ဝေဖန်ခြင်းခံရခြင်း။ | ၁၁-၁၂ |
| ၆။ | ကမ္ဘာလုံးဆိုင်ရာသစ်တောနှင့်တောရိုင်းတိရစ္ဆာန်ကုန်ကူးမှုတိုက်ဖျက်စစ်ဆင်ရေး "မိုးကြိုးစစ်ဆင်ရေး"တွင် သက်ရှိတိရစ္ဆာန်ပေါင်း ၂၀,၀၀၀နီးပါးဖမ်းဆီးရမှုနှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၈) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

## ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃/၂၀၂၅)ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရုံးခွန်အက်ဥပဒေဇယား ၁ ၏ အမှတ်စဉ် ၁ အား အငြင်းပွားသည့်အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးပေါ်တွင် ကျပ်သိန်း ၁၀၀၀ ထက်မပိုသည့် အဆိုလွှာ၊ ချေလွှာ၊ ပြန်လှန်ကန့်ကွက်လွှာ သို့မဟုတ် အယူခံလွှာတို့အတွက် ထမ်းဆောင်ရမည့် ရုံးခွန်မှာ ၀.၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျပ်သိန်း ၁၀၀၀ အထက်မှ ကျပ်သိန်း ၁၀၀၀၀ အထိ ထမ်းဆောင်ရမည့်ရုံးခွန်မှာ ၁၀ သိန်းကျပ်ဖြစ်ကြောင်း၊ ကျပ်သိန်း ၁၀၀၀၀ အထက် ကျပ်သိန်း ၃၀၀၀၀ အထိထမ်းဆောင်ရမည့်ရုံးခွန်မှာ ၁၅ သိန်းကျပ်ဖြစ်ကြောင်း၊ ကျပ်သိန်း ၃၀၀၀၀ အထက် အတွက် ထမ်းဆောင်ရမည့်ရုံးခွန်မှာ ကျပ်သိန်း ၃၀ ဖြစ်ကြောင်းနှင့် အများဆုံးထမ်းဆောင်ရမည့် ရုံးခွန်သည် ကျပ်သိန်း ၃၀ ဖြစ်ကြောင်း အစားထိုး ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

ထို့ပြင် ရုံးခွန်အက်ဥပဒေဇယား ၁ ၏ အမှတ်စဉ် ၁၁ ပါ သေတမ်းစာတစ်စောင်၏အတည်ပြုလက်မှတ် သို့မဟုတ် နောက်ဆက်တွဲပါရှိသည့် သို့မဟုတ် မပါရှိသည့်အမွေထိန်းစာနှင့် အမှတ်စဉ် ၁၂ ပါ အမွေဆက်ခံခွင့်သက်သေခံလက်မှတ်တို့နှင့်စပ်လျဉ်း၍ ထမ်းဆောင်ရမည့်ရုံးခွန်စာတိုင်တွင်ပါရှိသော "၅ သိန်းကျပ်" ဆိုသည့်စကားရပ်ကို "ကျပ်သိန်း ၃၀" ဟု အစားထိုးပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

ယခုထုတ်ပြန်သည့်ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် ၂၀၂၅ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်ဟုဖော်ပြပါရှိကြောင်း သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၈) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

**မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများမှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ**

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စွမ်းအင်ဝန်ကြီးဌာနကထုတ်ပြန်သည့် ရေနံလုပ်ငန်း ဖြုတ်သိမ်းခြင်းဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကထုတ်ပြန်သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁၆(က) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာ ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ၁၃-၁-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၂၅) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများနှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များကို စနစ်တကျထိရောက်စွာ ဆောင်ရွက် နိုင်စေရေးအတွက် ထိုလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းလုပ်ငန်းစဉ်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိရန် အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (Myanmar Companies Online – MyCO) သို့ ပုံစံ-တ-၀၁ ဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း၊ တင်ပြလျှောက်ထားလွှာများကို မှတ်ပုံတင်အရာရှိကစိစစ်ပြီး ပြည့်စုံမှန်ကန်ခြင်းရှိပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီအစည်းအဝေးသို့တင်ပြ၍ အဖွဲ့ဝင်များ၏အတည်ပြုချက်

ရယူကြောင်း၊ အဖွဲ့ဝင်များက လျှောက်ထားသူများကို အမှုဆောင်ကော်မတီမှတစ်ဆင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီသို့တင်ပြကြောင်း၊ ခွင့်ပြုပြီးသည့်လျှောက်ထားသူများကို အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် အတည်ပြုပြီးပါက လျှောက်ထားသူများသည် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူနိုင်ကြောင်း တွေ့ရှိရပါသည်။

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ တစ်နှစ်ဖြစ်ပြီး သတ်မှတ်ကာလမကုန်ဆုံးမီ သက်တမ်းတိုးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းတွင် အခကြေးငွေပေးသွင်းရာ၌ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် MPU Card ၊ Master Card နှင့် Visa Card များကိုအသုံးပြု၍ ပေးသွင်းရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ထိရောက်လွယ်ကူသောစနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ကျွမ်းကျင်သောလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၈) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

ပြည်ထောင်စုအစိုးရအဖွဲ့သည် ယှဉ်ပြိုင်မှုဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဖွဲ့စည်းခြင်းကို ၇-၂-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၅ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ဥပဒေပညာရှင် ဦးသန်းမောင်မှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်မှလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးပညာရှင် ဒေါက်တာသုတအောင်၊ ဥပဒေပညာရှင် ဒေါ်အေးအေးသိန်း၊ ဥပဒေပညာရှင် ဦးညဏ်နိုင်ဝင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့မှလည်းကောင်း တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ယင်းကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ယှဉ်ပြိုင်မှုဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းဖြစ်ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာသည် ၁-၁၀-၂၀၂၄ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း၊ ယခင်အမိန့်ကြော်ငြာစာများဖြစ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၀-၉-၂၀၂၁ ရက်စွဲပါအမိန့်ကြော်ငြာစာ

အမှတ် ၂၉၀/၂၀၂၁ နှင့် ၅-၈-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၂၂ တို့ကို ယခုအမိန့်ကြော်ငြာစာဖြင့်လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဆယ်ကျော်သက်အမျိုးသမီးတစ်ဦးကို ကိုယ်ဝန်ဖျက်ဆေးညွှန်းပေးမှုကြောင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ဆရာဝန်တစ်ဦး တရားစွဲဆိုခံရခြင်း

ဆယ်ကျော်သက်အမျိုးသမီးကိုယ်ဝန်ဆောင်တစ်ဦးအား ကိုယ်ဝန်ဖျက်ဆေးသောက်ရန် ဆေးညွှန်းပေးခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်မှ ဆရာဝန်တစ်ဦးသည် လူးဝစ်စီယားနားပြည်နယ်(Louisiana)တရားရုံးတွင် ၃၁-၁-၂၀၂၅ ရက်နေ့က တရားစွဲဆိုခြင်းခံခဲ့ရသည်။

ဒေါက်တာမာဂရက်ကာပန်တာ(Dr Margaret Carpenter) အမည်ရှိ Nightingale Medical ဆေးခန်းပိုင်ရှင်ဆရာဝန်အမျိုးသမီးကို လူးဝစ်စီယားနားပြည်နယ်တွင်နေထိုင်သော ဆယ်ကျော်သက် အရွယ်ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား ကိုယ်ဝန်ဖျက်ဆေးသောက်ရန် ဆေးညွှန်းပေးမှုကြောင့် West Baton Rouge Parish ခရိုင်ရှေ့နေရုံးက တရားစွဲဆိုခဲ့သည်။ ဒေါက်တာမာဂရက်ကာပန်တာ အပြင် ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်အမျိုးသမီး၏မိခင်ဖြစ်သူကိုပါ ထည့်သွင်းတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာမာဂရက်ကာပန်တာကို ၂၀၂၄ ခုနှစ် လူးဝစ်စီယားနားပြည်နယ်ဥပဒေ၊ ပြင်ဆင် ပြဋ္ဌာန်းချက်များ ၁၄:၈၇.၉ ၊ ကိုယ်ဝန်ဖျက်ဆေးသောက်ရန်တိုက်တွန်းသောပြစ်မှု (Louisiana Laws, Revised Statutes RS 14:87.9 -Criminal abortion by means of abortion-inducing drugs) ဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။ ဆယ်ကျော်သက်အရွယ်ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် ၎င်း၏ မိခင်အမည်တို့ကို ထုတ်ဖော်ကြေညာထားခြင်းမရှိပေ။ အမေရိကန်ပြည်ထောင်စုတွင် လူးဝစ်စီယားနား ပြည်နယ်သည် ကိုယ်ဝန်ဖျက်ချခြင်းကို တင်းကျပ်စွာတားမြစ်ထားသော ပြည်နယ်များထဲမှတစ်ခု အပါအဝင်ဖြစ်သည်။

လူးဝစ်စီယားနားပြည်နယ်ရှေ့နေချုပ် လစ်ဇ်မာရေးလ်(Liz Murrill)က “ပြည်နယ်အတွင်းက ကိုယ်ဝန်ဆောင်မိခင်တွေကို ကိုယ်ဝန်ဖျက်ချဖို့ အကျပ်ကိုင်စေခိုင်းခြင်းနဲ့ ကိုယ်ဝန်ဖျက်ဆေးပေးပို့ ခြင်းတွေဟာ တရားမဝင်ပါဘူး၊ ဥပဒေချိုးဖောက်သူတစ်ဦးချင်းစီကို တာဝန်ခံမှုအပြည့်အဝရှိစေဖို့ ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သည့်နှစ်က

လူးဝစ်စီယားနားပြည်နယ်တွင် ဥပဒေတစ်ခုပြဋ္ဌာန်းခဲ့ပြီး ဆေးဝါးဖြင့်ကိုယ်ဝန်ဖျက်ခြင်းကိုပစ်မှတ်ထား ထိန်းချုပ်တားမြစ်ခဲ့သည်။

ဒေါက်တာကာပန်တာသည် နယူးယောက်ပြည်နယ်၊ နယူးပေါ့လ်ဇ်မြို့(New York,New Paltz)တွင် အခြေစိုက်သော Telemedicine for Abortion Coalition for Abortion Coalition အဖွဲ့၏ ပူးတွဲတည်ထောင်သူဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများကိုယ်ဝန်ဖျက်ချခြင်းကို တယ်လီဆေးဝါး (Telemedicine)စနစ်ဖြင့် ပံ့ပိုးကူညီနေသည့်အဖွဲ့ဖြစ်သည်။ တယ်လီဆေးဝါး (Telemedicine)စနစ်ဆိုသည်မှာ ဆေးဘက်ဆိုင်ရာကုသမှုများကို တယ်လီဖုန်း၊ Video Call ၊ Mobile App၊ Messaging ၊ Website အစရှိသောနည်းပညာများကိုအသုံးပြုကာ ဆရာဝန်နှင့်လူနာတို့ ဆွေးနွေးတိုင်ပင်ကုသခြင်း နည်းလမ်းဖြစ်သည်။

နယူးယောက်ပြည်နယ်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့က ပြဋ္ဌာန်းခဲ့သော The Reproductive Health Act ဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကို တရားဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သော်လည်း ယင်းဥပဒေတွင် ၂၄ ပတ်ကျော် ကိုယ်ဝန်ဆောင်မိခင်ကို ၎င်းမိခင်၏အသက်ကိုကယ်တင်ရန် လိုအပ်သည့်အခါမှတစ်ပါး ကိုယ်ဝန်ဖျက်ချခြင်းမပြုရန် တားမြစ်ထားသည်။ ထို့ပြင် ယင်းဥပဒေတွင် ဆေးဝါးဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကိုလိုင်စင်ရဆေးဝါးပညာရှင်များဖြင့် ကုသဆောင်ရွက်ရန် အသိအမှတ်ပြုခဲ့သည်။

နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကေသီဟိုချူလ်(Kathy Hochul)က လူးဝစ်စီယားနားပြည်နယ်သည် ဥပဒေကိုလက်နက်သဖွယ်အသုံးပြုခြင်းဖြစ်ပြီး ၎င်းတို့ပြည်နယ်ပြင်ပတွင် နေထိုင်သူတစ်ဦးကိုတရားစွဲရန် ဆောင်ရွက်ခြင်းသည်မျှတမှုမရှိသည့်အပြင် အမေရိကန်မဆန်သဖြင့် ဒေါက်တာကာပန်တာကို တရားစွဲဆိုရန်လွှဲပြောင်းပေးရေးတောင်းဆိုချက်ကို လိုက်နာမည်မဟုတ်ကြောင်း ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ဒေါက်တာကာပန်တာအား တရားစွဲဆိုမှုသည် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်တစ်ခုမှ အခြားပြည်နယ်တွင်နေထိုင်သူတစ်ဦးကို ကိုယ်ဝန်ဖျက်ချရန် ဆေးညွှန်းပေးသည့်ပြစ်မှုဖြင့် ပထမဆုံးတရားစွဲဆိုမှုတစ်ခုဖြစ်ပြီး ကိုယ်ဝန်ဖျက်ချခြင်းကို တင်းကျပ်စွာတားမြစ်သည့်လူးဝစ်စီယားနား

ပြည်နယ်နှင့် တရားဝင်ခွင့်ပြုသည့် နယူးယောက်ပြည်နယ်တို့အကြား တရားစီရင်ရေးဆိုင်ရာစီရင်ပိုင်ခွင့် အငြင်းပွားမှုတစ်ခုဖြစ်လာနိုင်သည်။

လူးဝစ်စီယားနားပြည်နယ်ဥပဒေ၊ ပြင်ဆင်ပြဋ္ဌာန်းချက်များ ၁၄:၈၇.၉ ၊ ကိုယ်ဝန်ဖျက်ဆေး သောက်ရန်တိုက်တွန်းသောပြစ်မှု (Louisiana Laws, Revised Statutes RS 14:87.9 -Criminal abortion by means of abortion-inducing drugs)တွင် မည်သူမဆို ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးအားကိုယ်ဝန်ပျက်ကျစေရန် ဆေးဝါးလွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ ထောက်ပံ့ပေးခြင်းတို့ကို မိမိ အလိုအလျောက်ပြုခြင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးကိုသေစေခြင်း၊ အပြင်းအထန် နာကျင်စေခြင်းတို့ကိုဖြစ်စေခြင်း၊ ထို့ပြင် အသက်(၁၈)နှစ်အောက်အရွယ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးကို ကိုယ်ဝန်ပျက်ကျစေရန်ဆေးဝါးလွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ ထောက်ပံ့ပေးခြင်းတို့ကို မိမိအလိုအလျောက် ပြုခြင်းတို့ကိုပြုလုပ်လျှင် ကိုယ်ဝန်ဖျက်ခြင်းပြစ်မှုကိုကျူးလွန်ခြင်းဖြစ်ပြီး ပြစ်ဒဏ်များကိုလည်းပြဋ္ဌာန်း ထားပါသည်။ သို့ရာတွင် ကိုယ်ဝန်ဖျက်ဆေးကို မိမိကိုယ်တိုင်သုံးစွဲသောကိုယ်ဝန်ဆောင်အမျိုးသမီးသည် ဤဥပဒေအရပြစ်မှုကျူးလွန်သူဟုမသတ်မှတ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်ဥပဒေများအကြား စီရင်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ ဖြစ်ပေါ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ Supremacy Clause နှင့် ဖက်ဒရယ်ဥပဒေများအရ တရားရုံးချုပ်က မည်သည့်ဥပဒေကိုကျင့်သုံးသင့်ကြောင်း ကြားနာဆုံးဖြတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဖျက်ချခြင်း၊ ကိုယ်ဝန်ပျက်စေခြင်း၊ မမွေးဖွားသေးသော ကလေးကို နာကျင်စေခြင်း၊ ဆယ်နှစ်အောက်ကလေးကို စွန့်ပစ်ခြင်း၊ ကလေးမွေးဖွားကြောင်းကို ထိန်ချန်ခြင်း တို့ကို ပြစ်မှုအဖြစ်သတ်မှတ်ထားပြီး ရာဇသတ်ကြီးပုဒ်မ ၃၁၂ မှ ပုဒ်မ ၃၁၈ အထိ ပြဋ္ဌာန်းကာ အရေးယူ ဆောင်ရွက်သည့်အပြင် မိမိကိုယ်ဝန်ကိုမိမိပျက်စေသည့်ကိုယ်ဝန်ဆောင်မိန်းမကိုလည်း ပြစ်မှုကျူးလွန်သူ အဖြစ်သတ်မှတ်ထားသည်ကို သိရှိရပါသည်။

ကြီးကြပ်စီမံရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://law.justia.com/codes/louisiana/revised-statutes/title-14/rs-14-87-9/

https://www.reuters.com/legal/new-york-doctor-indicted-louisiana-prescribing-abortion-pill-teen-reports-say-2025-01-31/

https://www.bbc.com/news/articles/cjr8jv2yjz9o

https://www.fox5ny.com/news/ny-doctor-indicted-abortion-pills-nightingale-medical

## UK နိုင်ငံ၏ ဓားဖြင့်ပြစ်မှုကျူးလွန်ခြင်းများ လျော့ချရေးအစီအစဉ်ဝေဖန်ခြင်းခံရခြင်း

အွန်လိုင်းမှဓားဝယ်ယူသူများ၏အသက်နှင့်မည်သူဖြစ်ကြောင်း အထောက်အထားများပြသရန် လိုအပ်ချက်ဖော်ပြခြင်းဖြင့် ဓားဖြင့်ပြစ်မှုကျူးလွန်ခြင်းများလျော့ချမည့် UK အစိုးရ၏အစီအစဉ်တွင် စည်းမျဉ်းချိုးဖောက်သူများအား တိုးမြှင့်အရေးယူမှုမပါဝင်သောကြောင့် ပိုမိုကောင်းမွန်သည့်အစီအစဉ် ဖြစ်နိုင်မည်မဟုတ်ကြောင်း ဝေဖန်ခြင်းခံရသည်။

အွန်လိုင်းမှလက်နက်ဝယ်ယူသူများသည် တည်ဆဲဥပဒေအရ အသက် ၁၈ နှစ်နှင့်အထက် ရှိစေရေးအတွက် နည်းဥပဒေများပြောင်းလဲခြင်းဖြင့် အကောင်အထည်ဖော်ရန်စီစဉ်နေကြောင်း UK အစိုးရက ကြေညာခဲ့ပါသည်။ အကြမ်းဖက်သမားများသည် ၎င်းတို့လက်ထဲတွင်ရှိသော မည်သည့် လက်နက်ကိုမဆိုအသုံးပြုကြမည်ဖြစ်သော်လည်း ဓားဖြင့်ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ လူငယ်များ နှင့် အကြမ်းဖက်မှုရာဇဝင်ရှိသူများက ဓားများကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည့်အခြေအနေအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း၊ ရောင်းချသူများအနေဖြင့် တရားမဝင်ဓားဝယ်ရန် ကြိုးစားသူ များအား တာဝန်ရှိသူများထံသို့သတင်းပို့ရန် လိုအပ်ကြောင်း၊ ယင်းသို့သတင်းပို့သည့်အခါ အခြား ရောင်းချသူများက သတိပြုစေနိုင်မည်ဖြစ်ကြောင်းနှင့် လိုက်နာမှုမရှိသည့်ရောင်းချသူများကိုလည်း အရေးယူရန်လိုအပ်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံရှိ ဝါရင့်အမှုလိုက်အရာရှိက BBC သို့ ပြောကြားခဲ့ ပါသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လက အင်္ဂလန်အနောက်မြောက်ပိုင်း Southport မြို့တွင် ကျင်းပသော တေလာဆွစ်ဖ်၏အကသင်တန်းပွဲတစ်ခုတွင် အသက် ၁၈ အရွယ်ရှိသူ Rudakubana က မိန်းကလေး ၃ ဦးကိုလူသတ်မှုကျူးလွန်ခဲ့ပြီး အခြားလူ ၁၀ဦးကိုလည်းသတ်ဖြတ်ရန် ကြိုးစားမှုပေါ်ပေါက်ခဲ့ကြောင်း၊ နောက်ပိုင်း အွန်လိုင်းမှဓားဝယ်ယူခြင်းသည် အလေးထားရမည့်ပြဿနာဖြစ်လာခဲ့ကြောင်း၊ လက်လီ ရောင်းချသူများကို ဝယ်ယူသူ၏အသက်နှင့် ID အထောက်အထားများအပြင် ယင်း ID သည် ခိုးယူခံရသည့် ID မဖြစ်စေရေးအတွက် ဗီဒီယိုဖြင့်လည်းအထောက်အထားရယူခြင်းဖြင့် လူငယ်များကို ဓားများနှင့် အလှမ်းဝေးစေရန် အစိုးရက စီစဉ်ခြင်းဖြစ်ကြောင်း၊ သေစေနိုင်သောဓားများ ကလေးများလက်ဝယ်

ရရှိရေးသည် အလွန်လွယ်ကူနေဆဲဖြစ်ခြင်းကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ဓားဖြင့်ကျူးလွန်သည့် ပြစ်မှုများကို ထက်ဝက်ခန့်လျှော့ချရန်အတွက် တည်ဆဲဥပဒေများတွင် လိုအပ်သောပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့ပါသည်။

သို့သော် ဓားနှင့်ဆက်စပ်ပေါ်ပေါက်သည့် ပြင်းထန်သောပြစ်မှုများသည် ၂၀၁၆ ခုနှစ် မတ်လ နှင့် ၂၀၂၄ ခုနှစ် မတ်လအထိ ကြားကာလအား နှိုင်းယှဉ်မည်ဆိုပါက ၅၄ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းကြောင့် ဓားဖြင့်ပြစ်မှုကျူးလွန်ခြင်းများသည် မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

-https://global.chinadaily.com.cn/a/202501/25/WS679433e1a310a2ab 06ea 9469.html

## ကမ္ဘာလုံးဆိုင်ရာသစ်တောနှင့်တောရိုင်းတိရစ္ဆာန်ကုန်ကူးမှုတိုက်ဖျက်စစ်ဆင်ရေး "မိုးကြိုးစစ်ဆင်ရေး"တွင် သက်ရှိတိရစ္ဆာန်ပေါင်း ၂၀,၀၀၀ နီးပါးဖမ်းဆီးရမှုနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

INTERPOL ၏ ၄-၂-၂၀၂၅ ရက်နေ့ အစီရင်ခံစာအရ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) နှင့် ပူးပေါင်းပြီး သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ကုန်ကူးမှုတိုက်ဖျက်ရေး"မိုးကြိုးစစ်ဆင်ရေး" ၂၀၂၄ တွင် သက်ရှိတိရစ္ဆာန်ပေါင်း ၂၀,၀၀၀ နီးပါး နှင့် သံသယရှိသူ ၃၆၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် မိုးကြိုးစစ်ဆင်ရေးသည် နိုင်ငံနှင့်ဒေသပေါင်း ၁၃၈ နိုင်ငံတို့မှ ဥပဒေစိုးမိုးရေးအင်ဂျင်စီများနှင့်ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာရာဇဝတ်မှုများအား ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အကြီးမားဆုံးစစ်ဆင်ရေးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

မိုးကြိုးစစ်ဆင်ရေးသည် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၏အန္တရာယ်ရှိမျိုးစိတ်များဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ်(CITES)အရ တိရစ္ဆာန်များနှင့် အပင်များကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ CITES သည် WCO အစည်းအဝေးအပြီးဖွဲ့စည်းထားသည့်အစိုးရအဖွဲ့ဝင်များအကြား အပြည်ပြည်ဆိုင်ရာသဘောတူညီချက်တစ်ခုဖြစ်ပြီး ၎င်း၏ရည်မှန်းချက်မှာ မျိုးစိတ်သန်းပေါင်းများစွာကိုရောင်းဝယ်ဖောက်ကားခြင်းကြောင့် ဒေါ်လာဘီလီယံနှင့်ချီသော ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုကို ရပ်တန့်ရန်ဖြစ်ပါသည်။

တောရိုင်းတိရိစ္ဆာန်တရားမဝင်ကုန်သွယ်မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ၂၀ဘီလီယံအထိရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းခဲ့ပါသည်။ INTERPOL ၏ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများကိုတိုက်ဖျက်ရန် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် မဟာဗျူဟာအသစ်များကိုချမှတ်ခဲ့ပြီး ယင်းမဟာဗျူဟာတွင် သံတမန်ဆက်ဆံရေးမရှိသောနိုင်ငံများကြားတွင် တည်ဆဲဥပဒေနှင့်အညီ ရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

မကြာသေးမီနှစ်များအတွင်း လုပ်ငန်းဆောင်ရွက်မှု၏အောင်မြင်မှုကို EU၊ UK နိုင်ငံ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ စားနပ်ရိက္ခာနှင့်ကျေးလက်ရေးရာဌာနနှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး

အေဂျင်စီ (USAID) တို့အပါအဝင် လူသိများသောအဖွဲ့အစည်းများနှင့် ပူးတွဲတည်ထောင်ခြင်းဖြင့် လူသိများလာခဲ့ပြီး နိုင်ငံအများအပြား၏ပူးပေါင်းပါဝင်မှုသည် လွန်ခဲ့သည့်နှစ်များအတွင်းစစ်ဆင်ရေးများတွင် သံသယရှိသူများကို ပစ်မှတ်ထားခြင်းဖြင့် ထောက်လှမ်းရေးကြိုးပမ်းမှုများ အောင်မြင်စေရန် အထောက်အကူဖြစ်စေခဲ့ပါသည်။ INTERPOLနိုင်ငံအဖွဲ့ဝင်များသည် INTERPOL အနီရောင်သတိပေးချက်များတွင် နိုင်ငံတကာမှအလိုရှိသော သံသယရှိသည့်ကုန်ကူးသူများ၏အရေးကြီးသည့် အချက်အလက်များကို စဉ်ဆက်မပြတ်ဖော်ထုတ်ရမည်ဖြစ်သည်။

INTERPOL အတွင်းရေးမှူးချုပ် Valdecy Urquiza က "တရားမဝင်တောရိုင်းတိရစ္ဆာန်ကုန်ကူးမှုသည် လျင်မြန်စွာ ကြီးထွားနေ၍အကျိုးအမြတ်များပြီး ဆိုးရွားသည့်သက်ရောက်မှုများဖြစ်နေကြောင်း၊ WCO သည် ပြင်းထန်သောရာဇဝတ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်ရန် ၎င်း၏အဖွဲ့ဝင်များနှင့်မိတ်ဖက်နိုင်ငံများကြား ကတိကဝတ်ပြုထားကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာရာဇဝတ်မှုများနှင့်ပတ်သက်သည့်စစ်ဆင်ရေးသည် အောင်မြင်မှုအထိ ရောက်ရှိနေခြင်းမရှိကြောင်း၊ INTERPOL တောရိုင်းတိရစ္ဆာန်ဆိုင်ရာမှုခင်းဆေးပညာဆိုင်ရာကျွမ်းကျင်သူများသည် တိရစ္ဆာန်များအားထိန်းသိမ်းရေးစခန်းများသို့လွှဲပြောင်းခြင်းမပြုမီ DNA နမူနာများကို စုဆောင်းထားခြင်းဖြင့် မျိုးစိတ်များ၏ပင်ရင်းဒေသနှင့်ဖြန့်ဖြူးမှုကိုဆုံးဖြတ်ရန် ကူညီပေးကြောင်းနှင့် အနာဂတ်တွင်ဖြစ်ပေါ်နိုင်သည့်ကုန်ကူးမှုဆိုင်ရာလမ်းကြောင်းသစ်များအတွက် လျင်မြန်စွာ စုံစမ်းဖော်ထုတ်မှုကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/02/nearly-20000-live-animals-seized-in-global-wildlife-trafficking-operation/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

